# မြန်မာစစ်အစိုးရနဲ့ အမေရိကန် သမတ ဘွတ်ရှ် အစိုးရ

## အတင်းဝင်ရောက် ကယ်ချိန်တန်ပြီ

မြန်မာစစ်အာဏာရှင်တွေရဲ့ လူမဆန်တဲ့လုပ်ရပ် အတော်များများကြောင့်ပဲ ပြီးခဲ့တဲ့တလ (မေလ)က မြန်မာနိုင်ငံကို ဝင်ရောက်တိုက်ခတ်သွားတဲ့ ဆိုင်ကလုန်းမုန်တိုင်းမှာ လူပေါင်း ၁၃၃၀၀၀ လောက် သေကြေ ပျောက်ဆုံးနေခဲ့ရပါတယ်။ နိုင်ငံတကာက လေဘေးမုန်တိုင်း အတွက် ကယ်ဆယ်ထောက်ပံ့ဖို့ ချက်ချင်းကူညီလာတာတွေကို လက်ရှိမြန်မာစစ်အစိုးရက နှောင့်နှေးကြန့်ကြာအောင် လုပ်နေခဲ့ပါတယ်။ အကူအညီသွားပေးလို့ မရအောင် လမ်းတွေကို ပိတ်ဆို့၊ အကူအညီ သွားပေးသူတွေကို ဟန့်တားနေခဲ့ပါတယ်။ ဒါကြောင့် မုန်တိုင်းဒုက္ခသည် လေးပုံတပုံလောက်ဆီကို ကယ်ဆယ်ထောက်ပံ့ရေး အကူအညီတွေ အခုအချိန်ထိ မရောက် ရှိနိုင်သေးပဲ ဖြစ်နေရပါတယ်။

မျှော်လင့်ချက်တွေ၊ လူ့အသက်တွေလည်း မုန်တိုင်းနဲ့အတူ ပျောက်ဆုံးသွားရပါပြီ။ ဒါပေမယ့် ပျောက်မသွားနိုင်သေးတာတွေကတော့ ရှိနေဆဲပါ။ နိုင်ငံတကာ အသိုင်းအဝိုင်းမှာ လူသားချင်း စာနာထောက်ထားတဲ့ လူ့ကျင့်ဝတ်တွေကတော့ မပျောက်ဆုံးသေးပါဘူး။ ဒီလိုပဲ အရက်စက် ဆုံး၊ အကြမ်းကြုတ်ဆုံး အာဏာရှင်အစိုးရတွေကို နိုင်ငံတကာ အသိုင်းအဝိုင်းက နိုင်ငံရေး နည်းလမ်းနဲ့ အံတုရင်ဆိုင်ချင်နေကြတာကလည်း ပျောက်မသွားသေးပါဘူး။

မြန်မာဒုက္ခသည်တွေအပေါ် ကယ်ဆယ်ထောက်ပံ့မပေးပဲ လစ်လျူရှုထားလို့ စစ်အစိုးရကို ရာဇဝတ်မှု ကျူးလွန်သူတွေပဲလို့ ပြောထိုက်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ပြော ပါတယ်။ အမှန်တော့ မြန်မာစစ်အစိုးရဟာ အဲဒီလို အပြောခံရလောက်အောင် ဆိုးတာထက် ပိုဆိုးနေတာကတော့ ပြည်သူတွေအပေါ် ရက်စက်ကြမ်းတမ်းစွာ နှိပ်ကွပ်နေတာပဲ ဖြစ်ပါတယ်။ စစ်အစိုးရဟာ လူသားချင်း စာနာထောက်ထားမှု မရှိတဲ့ ရာဇဝတ်မှု (Crime against humanity) ကို ကျူးလွန်နေတာပါ။

မုန်တိုင်းဟာ မြန်မာနိုင်ငံဘက်ကို ဦးတည်ရွေ့လျားလာနေပြီလို့ အိန္ဒိယအစိုးရက စစ်အစိုးရကို အကြိမ်ပေါင်း ဒါဇင်ပေါင်းများစွာ ကြိုတင် သတိပေးနေခဲ့ပါတယ်။ ဒါပေမယ့် မြန်မာစစ်အစိုးရ ကတော့ သူ့ပြည်သူတွေကို ကြိုတင်ကာကွယ်တားဆီးပေးဖို့ ဘာမှ မလုပ်ခဲ့ပါဘူး။

မုန်တိုင်းဝင်တိုက်သွားချိန်မှာလည်း မြန်မာစစ်အစိုးရက ဝင်ကူညီဖို့ လက်နှေးနေခဲ့ပြန်ပါတယ်။ နိုင်ငံတကာက ကူညီမယ်ဆိုတော့လည်း ငြင်းဆန်နေခဲ့ပြန်ပါတယ်။ မုန်တိုင်းဒုက္ခသည်တွေကို ကယ်ဆယ်ပေးတာလည်း မရှိ၊ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းတွေ ပေးတာလည်း မရှိခဲ့ပါ ဘူး။ ဒါကြောင့် လူတွေ သောင်းနဲ့ချီပြီး မလိုအပ်ပဲ သေဆုံးခဲ့ရပါတယ်။

ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းတွေ နည်းနည်းလေးဆိုရုံပဲ ဒုက္ခသည်တွေဆီကို ရောက်ရှိနိုင်ခဲ့ပါတယ်။ ကယ်ဆယ်ဖို့သွားတဲ့သူတွေ တားမြစ်ဟန့်တားခံရပါတယ်။ ကယ်ဆယ်ရေး ပစ္စည်းတွေကို အာဏာပိုင်တွေက သိမ်းဆည်းပြီး ပြန်ရောင်းစားတာတွေလည်း ရှိခဲ့ပါတယ်။

ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အဆင့်ဟာ အခုဆိုရင်ပြီးသွားပါပြီလို့ စစ်အစိုးရက ကြေညာပါတယ်။ ဒီနောက်မှာတော့ စစ်အစိုးရက လက်သပ်မွေးထားတဲ့ ကြံ့ဖွတ်နဲ့ စွမ်းအားရှင် ဆိုတဲ့ လူမိုက်တွေဟာ ယာယီအမိုးအကာအောက်မှာ ခိုလှုံနေရတဲ့ ဒုက္ခသည်ထောင်ပေါင်းများစွာကို မောင်းထုတ်နေပါတော့တယ်။ မုန်တိုင်းဒုက္ခသည်တွေအဖို့ အိမ်ပြန်မယ်ဆိုရင်တောင် နေစရာအိမ်မရှိတာကို သိသိနဲ့ မောင်းထုတ်နေတာပဲ ဖြစ်ပါတယ်။ အခုလို အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူတွေ နှစ်သန်းခွဲလောက်ရှိမယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။

မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဖြစ်ထွန်းလာဖို့ အဓိကကျတဲ့ လူ့အခွင့်အရေးကိစ္စတွေ၊ တရားဥပဒေစိုးမိုးရေး ကိစ္စတွေကို ကုလသမဂ္ဂက များသောအားဖြင့် လစ်လျူရှုလေ့ရှိပေမယ့် အမေရိကန်သမတ ဘွတ်ရှ်ရဲ့အစိုးရကတော့ အထူးအာရုံစိုက်တတ်ပါတယ်။ မြန်မာ့အရေးနဲ့ ပတ်သက်လာရင် ဥရောပယူနီယံဆီက အကူအညီတချို့ရတတ်တာကလွဲလို့ အခြား မယ်မယ်ရရကူညီတဲ့နိုင်ငံတွေ မရှိကြပါဘူး။ စစ်အစိုးရကို ဆန့်ကျင်တာ၊ ဒီမိုကရေစီ အတိုက်အခံအင်အားစုတွေကို ထောက်ခံအားပေးတာဟာ အမေရိကန်တနိုင်ငံတည်းလောက်ပဲ ထီးထီးကြီးရှိနေပါတယ်။

အမေရိကန်အစိုးရဟာ မြန်မာစစ်အစိုးရကို ရည်ရွယ်တဲ့ စီးပွားပိတ်ဆို့ ဒဏ်ခတ်တာတွေကို ချမှတ်လုပ်ဆောင်နေခဲ့ပါတယ်။ လုံခြုံရေးကောင်စီမှာလည်း မြန်မာ့အရေးနဲ့ ပတ်သက်တဲ့ ဖြေရှင်းချက်တွေကို အကြိမ်ပေါင်းများစွာ တင်ပြခဲ့ဖူးပါတယ်။

၂၀၀၅ခုနှစ်က သမတဘွတ်ဟာ မြန်မာအတိုက်အခံ အမျိုးသမီးတဦးဖြစ်တဲ့ နန်းချမ်းတောင်းကို သမတအိမ်ဖြူတော်မှာ မိနစ်(၄၀)ကြာ လက်ခံတွေ့ဆုံပြီး မြန်မာ့ဒီမိုကရေစီအရေးမှာ သွေးစည်းညီညွတ်မှု ရှိကြောင်း ပြသခဲ့ပါတယ်။ ပြီးတော့လည်း မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကိုပါ ဆွေးနွေးခဲ့ပါတယ်။

ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အမေရိကန် သမတ ဘွတ်ရှ်က နှစ်စဉ်မိန့်ခွန်း ပြောလေ့ရှိပါတယ်။ မနှစ်က စက်တင်ဘာ ညီလာခံမှာတော့ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူဒဏ်ခတ်မှုအသစ်တွေ လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ ပြီးခဲ့တဲ့လမှာတောင် စစ်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားတဲ့ နိုင်ငံရေး အကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးဖို့နဲ့ ဒီမိုကရေစီ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ သမတဘွတ်ရှ်က တိုက်တွန်းခဲ့ပါသေးတယ်။

ဒီအတောအတွင်းမှာပဲ သမတကကတော် ဟော်ရာဘွတ်ရှ်ကလည်း မြန်မာပြည်သူတွေဘက်ကနေ ကာကွယ်ပြောဆိုပေးနေခဲ့ပါတယ်။ သူမဟာ မြန်မာ့အရေး ထင်မြင်သုံးသပ်ဝေဖန်ချက်တွေကို ရေးသားပေးပါတယ်။ သတင်းစာရှင်းလင်းပွဲတွေ လုပ်ပေးပါတယ်။ ကုလသမဂ္ဂကြားနာပွဲတွေ လုပ်ပေးပါတယ်။ ဒါတွေအပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကိုလည်း မြန်မာ့အရေးမှာ ပိုပြီး ဖိဖိစီးစီးလုပ်ဖို့ တိုက်တွန်းပါတယ်။ မြန်မာစစ်အစိုးရကို အံတုဆန့်ကျင်ရာမှာ အမေရိကန်အစိုးရဟာ အပြင်းထန်ဆုံး နိုင်ငံခြားရေးပေါ်လစီကို ကျင့်သုံးပါတယ်။ ဒီပေါ်လစီဟာ ရလဒ်ကောင်းကို အမှန်တကယ်ကိုပဲ ထွက်ပေါ်လာစေမယ့် ပေါ်လစီလည်း ဖြစ်ပါတယ်။

ကိုယ့်နိုင်ငံသားတွေအပေါ် ရက်စက်ကြမ်းတမ်းစွာ ဆက်ဆံအုပ်ချုပ်တဲ့ နိုင်ငံအစိုးရတွေမှာမြန်မာနိုင်ငံက စစ်အစိုးရကို မှီမယ့်နိုင်ငံဆိုလို့ မရှိသလောက်ပါပဲ။ လက်ရှိ မြန်မာစစ်အစိုးရဟာ တိုင်းရင်းသားလူနည်းစုတွေ မျိုးပြုန်းအောင် အကွက်ကျကျစီမံပြီး စစ်ဆင်ရေးတွေ လုပ်နေခဲ့ပါတယ်။

အဲဒီလို စစ်ဆင်ရေး လုပ်တဲ့အခါမှာ စစ်ရေးလုပ်ဆောင်ချက်တရပ်အနေနဲ့ အမျိုးသမီးတွေကို မုဒိမ်းကျင့်ပါတယ်။ အရွယ်မရောက်သေးတဲ့ ကလေးတွေကို အတင်းအဓမ္မ စစ်မှုထမ်းခိုင်းပါတယ်။ ဖမ်းဆီးခေါ်ဆောင်လာတဲ့ အပြစ်မဲ့ပြည်သူတွေကို ရှေ့ကသွားခိုင်းရင်း အသေခံမိုင်းရှင်းလူသားအဖြစ် အသုံးချပါတယ်။ ရွာပေါင်း ၃၂၀၀ ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ နိုင်ငံတွင်းမှာ လူတသန်းကျော်ဟာ အိုးအိမ်စွန့် ထွက်ပြေးနေခဲ့ကြရပါတယ်။

ဒါဟာ အရပ်ဖက်ပြည်သူတွေကိုပဲ သီးသန့် ပစ်မှတ်ထားတိုက်ခိုက်တယ်လို့ သတ်မှတ်နိုင်လောက်တဲ့ စစ်ရေးထိုးစစ်တွေပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး စစ်ရေးထိုးစစ်တွေကြောင့် အိမ်နီးချင်းထိုင်း၊ ဘင်္ဂလာဒက်ရှ်နဲ့ အိန္ဒိယနိုင်ငံဘက်တွေမှာရှိတဲ့ ဒုက္ခသည်စခန်းတွေဆီ ထွက်ပြေးရသူတွေက သိန်းဂဏန်းနဲ့ချီပြီး ရှိနေပါတယ်။

ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းတွေကလည်း မြန်မာ့ဒီမိုကရေစီအရေးမှာ အပြောပဲ တတ်နိုင်ကြပါတယ်။ စစ်အစိုးရကတော့ နိုင်ငံရေး အပျံသင်ခါစ လှုပ်ရှားသူတွေကို နှိပ်ကွပ်နေဆဲပါပဲ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူ့လွှတ်တော်အမတ်နေရာ (၈၂)ရာခိုင်နှုန်းကျော်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမယ့် စစ်အစိုးရက အဲဒီရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League of Democracy - NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ဖမ်းဆီးထိန်းသိမ်းထားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေး နိုဘယ်ဆု ရရှိထားသူဖြစ်ပြီး အခုဆိုရင် ဖမ်းဆီး

ထိန်းသိမ်းခံနေရတာ စုစုပေါင်း (၁၂)နှစ်ကျော် ရှိနေပါပြီ။ စစ်အစိုးရဟာ ပြီးခဲ့တဲ့လတုန်းက သူမကို နောက်ထပ်တနှစ် သက်တမ်းထပ်တိုးပြီး ထိန်းသိမ်းထားပြန်ပါတယ်။ စစ်အစိုးရက အဲဒီလိုလုပ်တာကို သမတဘွတ်အစိုးရက လူသိရှင်ကြား ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ခဲ့ ပါတယ်။ လောလောဆယ် မြန်မာနိုင်ငံမှာ နိုင်ငံရေး အကျဉ်းကျခံနေရသူတွေလည်း စုစုပေါင်း (၁၈၀၀)ကျော် ရှိနေပါသေးတယ်။

အမေရိကန် သမတ ဘွတ်ရှ်ရဲ့ ဒီမိုကရေစီ တိုက်ပွဲခေါ်သံမှာ ဆုံးရှုံးမှုတွေ၊ ဖြစ်မြောက်အောင် မလုပ်နိုင်ခဲ့တာတွေရှိနေလို့ အတော်ပဲဝေဖန်ခံရပါတယ်။ နမူနာပြရရင် ရေနံကုမ္ပဏီကြီးတွေက မြန်မာ့ဒီမိုကရေစီအရေးမှာ သိပ်ပြီး စိတ်ဝင်တစား မရှိလှပါဘူး။ (ကမ္ဘာ့ရေနံကုမ္ပဏီကြီးတချို့နဲ့ အခြား ကုမ္ပဏီတွေက စစ်အစိုးရ အုပ်ချုပ်တဲ့မြန်မာနိုင်ငံမှာ ငွေရင်းတွေ မြှုပ်နှံကြပေမယ့်) အမေရိကန်ကတော့ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှုမှာ အရင်းအနှီး မြှုပ်နှံနေခဲ့ပါတယ်။ အရေးပါတဲ့ လုပ်ဆောင်ချက်ဖြစ်သလို အံ့အားသင့်ရလောက်တဲ့ ကိစ္စပါပဲ။

ဘာကြောင့် အံ့အားသင့်ရတာလဲဆိုရင် မြန်မာနိုင်ငံဟာ အမေရိကန်နိုင်ငံအတွက် မဟာဗျူဟာ အရ သိပ်အရေးမပါပေမယ့် ဒီလောက်တောင် ရင်းနှီးမြှုပ်နှံရဲလို့ ဖြစ်ပါတယ်။ မြန်မာ့အရေးမှာ အမေရိကန်က ထဲထဲဝင်ဝင် ပါနေတာအတွက် အမေရိကန်နိုင်ငံထဲမှာ နိုင်ငံရေးအရ ဖိအားပေး ခံရတာတွေ ရှိနိုင်ပေမယ့် အတော်နည်းပါးပါတယ်။

အမှန်တကယ်မှာဆိုရင် မနှစ်က စက်တင်ဘာမှာ ဖြစ်ပေါ်ခဲ့တဲ့ ရွှေဝါရောင် တော်လှန်ရေး မတိုင်မီအထိ မြန်မာကို ကမ္ဘာ့သတင်းမီဒီယာတွေက သိပ်စိတ်မဝင်စားခဲ့ကြပါဘူး။ ရွှေဝါရောင် တော်လှန်ရေးဆိုတာက ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတွေ ငြိမ်းချမ်းစွာ စီတန်းဆန္ဒပြတာ ဖြစ်ပြီး အဲဒါကို စစ်အစိုးရက ရက်ရက်စက်စက် ပစ်ခတ်နှိမ်နင်းခဲ့ပါတယ်။

ကိုယ့်ကြမ္မာ ကိုယ်ငင်မိခဲ့ရတဲ့ မြန်မာကပ်ဆိုးကြီးဟာ ထူးခြားနေလို့လည်း ကမ္ဘာက စိတ်ဝင် တစား ရှိနေခဲ့ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ စိတ်မချမ်းသာစရာတွေ နောက်ထပ် ကြုံရနိုင် တာပဲလို့ ကမ္ဘာ့နိုင်ငံရေး ခေါင်းဆောင်တွေ၊ ကမ္ဘာ့သတင်းဌာနကြီးတွေက လက်ခံလာပြီး တခုခု လုပ်လာနိုင်အောင် မြန်မာ့ကပ်ဆိုးကြီးက တွန်းထိုးဖို့ ရှိနေပါဦးမယ်။ မြန်မာ့အရေးမှာ ပြဿနာတွေ၊ အခက်အခဲတွေ ရှိနေပေမယ့် အမေရိကန်သမတ ဘွတ်ရှ်ရဲ့ ဒီမိုကရေစီ တိုက်ပွဲခေါ်သံကို စိတ်ဓါတ်ရေးအရ အချို့ကိစ္စတွေမှာ ထောက်ခံပေးကြဖို့ လိုအပ်ကောင်း လိုအပ်ပါမယ်။

တကယ်လို့များ မြန်မာ့အရေးမှာ စိုးရိမ်ပူပန်စရာ မရှိဘူးလို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက သဘောထားလာရင် အမေရိကန်က ဘာလုပ်ပေးသင့်ပါသလဲ။

လူ့အသက်ပေါင်း ထောင်သောင်းသိန်းသန်းမက စိုးရိမ်နေရဆဲဖြစ်နေတဲ့ ဆိုင်ကလုန်း မုန်တိုင်း ဒုက္ခသည်တွေဆီကို လူသားချင်း စာနာထောက်ထားတဲ့ ကယ်ဆယ်ထောက်ပံ့ရေး အကူအညီတွေ သေချာပေါက် ရောက်ရှိနိုင်အောင် အမေရိကန်ဟာ ဗြိတိန်၊ ပြင်သစ်တို့ အပါအဝင် ဒီမိုကရေစီ မဟာမိတ်တွေနဲ့အတူ စုစည်းပြီး မြန်မာနိုင်ငံကို ချက်ချင်း ဝင်ရောက်နိုင်အောင် ပြင်ဆင်သင့်ပါတယ်။

သိပ်မကြာခင်ကပဲ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂိတ်စ်ဟာ ဒီလိုလုပ်ဆောင်ဖို့ကို ပယ်ချလိုက်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံထဲမှာလူသားချင်း စာနာထောက်ထားမှု ကင်းမဲ့တာတွေ ဆက်လက်ဖြစ်နေဦးမယ်ဆိုရင်တော့ အမေရိကန် သမတအနေနဲ့ ကာကွယ်ရေးဝန်ကြီးရဲ့ ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင် ပြောင်းလဲနိုင်တာပါပဲ။

အတင်းဝင်ရောက် ကယ်ဆယ်တာမျိုး မလုပ်ချင်သူတွေ ကမ္ဘာ့ကုလသမဂ္ဂထဲမှာ ရှိနေပါတယ်။ သူတို့ကတော့ ဝေဖန်ပြစ်တင်ကြမှာပဲ ဖြစ်ပါတယ်။ အမေရိကန် ဦးဆောင်ပြီး မြန်မာ့မုန်တိုင်း ဒုက္ခသည်တွေကို အတင်းဝင်ရောက် ကယ်ဆယ်ထောက်ပံ့တာဟာ နိုင်ငံတကာဥပဒေကို ချိုးဖောက်တာ တခုပဲလို့ ဆိုကြပါလိမ့်မယ်။

ဒါပေမယ့် လစ်လျူရှုခံနေရတဲ့ ဒုက္ခသည်တွေကို အတင်းဝင်ရောက် ကယ်ဆယ်ထောက်ပံ့တာ မလုပ်ဘူး ဆိုပြန်ရင်လည်း ဒါဟာ လွန်ခဲ့တဲ့ သုံးနှစ်နီးပါးက ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေက သဘောတူ ချမှတ်ကျင့်သုံးတဲ့ ကာကွယ်စောင့်ရှောက်ပေးရမယ့် ဝတ္တရား (responsibility to protect)ကို လစ်လျူရှုရာ ရောက်နေပြန်ပါပြီ။

ကုလသမဂ္ဂက ယုံကြည်ကျင့်သုံးတဲ့ဝတ္တရားမှာ လူ့အခွင့်အရေးတွေ အကြီးအကျယ် ချိုးဖောက်ခံနေရတဲ့ အရပ်ဖက်ပြည်သူတွေကို ကာကွယ်ပေးဖို့ အင်အားသုံးတာ အပါအဝင် ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံကိုသုံးဖို့ အဖွဲ့ဝင်နိုင်ငံတွေကသဘောတူထားရပါတယ်။ ဒါဟာ ကုလသမဂ္ဂရဲ့ လုပ်ပိုင်ခွင့် (mandate)ပဲ ဖြစ်ပါတယ်။

တကယ်လို့ ကပ်ဘေးကြီး ကျရောက်နေတုန်း ပြည်သူတွေကို အစိုးရတရပ်အနေနဲ့ အကာအကွယ် ပေးဖို့၊ ကူညီစောင့်ရှောက်ဖို့ တမင်တကာ ပျက်ကွက်တာ၊ အသေအချာ တွက်ချက်ပြီး ပျက်ကွက်တာ (ကပ်ဘေးကြီးကို အခွင့်ကောင်းယူနိုင်ဖို့ နိုင်ငံရေး အမြတ်ထုတ်ရုံသက်သက်ပဲ လုပ်ပြီး အခြားဘာမှလုပ်မပေးတာ)တွေ ရှိလာရင် ကုလသမဂ္ဂရဲ့ စောစောက လုပ်ပိုင်ခွင့် အတိုင်း ကျင့်သုံးရပါမယ်။ ဒီလိုမျိုး အချိန်မှာတောင်မှ ဒီလုပ်ပိုင်ခွင့်ကို အသုံးမချနိုင်ဘူးဆိုရင် ဘာလုပ်ဖို့ ထားသလဲလို့ မေးရပါလိမ့်မယ်။

လူသားချင်းစာနာထောက်ထားတဲ့ ရည်ရွယ်ချက်မျိုး ထားတာတောင်မှ အတင်းဝင်ရောက်

ကယ်ဆယ် ထောက်ပံ့ကူညီပေးရာမှာ စွန့်လွှတ် စွန့်စားရတဲ့ကိစ္စတွေ မကြုံပဲနေမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုမျိုး မလုပ်ဆောင်ရင် ဘာဖြစ်လာမလဲ-- လူတွေ ထောင်သောင်းချီပြီး အသက်ဆုံးရှုံးရပါမယ်။ လူသတ်အစိုးရဟာ ပိုပြီး အတင့်ရဲလာပါမယ်။ အမေရိကန်ဟာ (ကမ္ဘာ့ ထိပ်တန်းနိုင်ငံ ဖြစ်ရက်နဲ့) အားပျော့လိုက်တာလို့ အထင်ခံရပါမယ်။

"မြန်မာဒုက္ခသည်တွေကို အတင်းဝင်ရောက် ကယ်ဆယ်ထောက်ပံ့သူတွေကို ကယ်တင်ရှင်အဖြစ် မြန်မာပြည်သူတွေက ရှုမြင်ကြမှာ ဖြစ်ပါတယ်။ မုန်တိုင်းဒုက္ခသည်တွေကို ကယ်ဆယ်ကူညီဖို့သာ မကပါဘူး။ မြန်မာတနိုင်ငံလုံး စစ်အာဏာရှင်တွေရဲ့ ထမ်းပိုးအောက်ကနေ နောက်ဆုံးမှာ လွတ်မြောက်လာနိုင်ဖို့လည်း ဖြစ်ပါတယ်"လို့ အမေရိကန် သမတ ဘွတ်ရှ်ဆီကို မြန်မာဒီမိုကရေစီ အဖွဲ့တွေက စာရေးသား တိုက်တွန်းကြပါတယ်။

"မြန်မာ့အရေးကို အီရတ်နဲ့ မနှိုင်းယှဉ်စေလိုပါ။ အကြောင်းကတော့ မုန်တိုင်း ဒုက္ခသည်တွေနဲ့ မြန်မာတနိုင်ငံလုံးအရေးအတွက် တကယ်လို့ အမေရိကန်က အတင်းဝင်ရောက် ကူညီကယ်ဆယ်ပေးမယ်ဆိုရင် ဗုဒ္ဓဘာသာ ရဟန်းသံဃာတွေ၊ ကျောင်းသားတွေ၊ မြန်မာမျိုးချစ်ပြည်သူတွေက သင့်ကို လှိုက်လှိုက်လှဲလှဲ ကူညီပေးမှာ ဖြစ်လို့ပါပဲ။ ဒီလို အတင်းဝင်ရောက် ကယ်ဆယ်ထောက်ပံ့မယ့် နိုင်ငံတကာကိုလည်း မြန်မာ့အရေးမှာ သက်ဆိုင်တဲ့ နိုင်ငံသားတွေက ပူးပေါင်းပါဝင်ဖို့ ဆန္ဒရှိနေပါတယ်။ တန်ဖိုးရှိလှတဲ့ အချိန်ကို မဖြုန်းစေလိုပါ" လို့ သမတ ဘွတ်ရှ် ဆီကို စာရေးသားပြီး အကူအညီတောင်းခံထားတာ ရှိပါတယ်။

လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်တယ် ဆိုတဲ့ အခွင့်အရေးကြီးဟာ မြန်မာနိုင်ငံမှာ အခုရှိနေပါပြီ။ ဒါတင်မကသေးပါဘူး။ တကိုယ်ကောင်းဆန်ပြီး သတ္တိကြောင်တဲ့ အာဏာရှင်တွေရဲ့ လက်ထဲက ပြည်သူတွေကို လူသားချင်း စာနာထောက်ထားမှုနဲ့ အတင်းဝင်ရောက် ကယ်ဆယ်ရတယ် ဆိုတဲ့ ထုံးကိုလည်း အစဉ်အလာမပျက် ထိန်းသိမ်းနိုင်ပါမယ်။

မြန်မာနိုင်ငံကို အတင်းဝင်ရောက် ကယ်ဆယ်ဖို့ အမေရိကန်သမတ ဘွတ်ရှ်ရဲ့ နိုင်ငံရေး အယူအဆဟာ လူတွေ ဘာပဲပြောနေနေ၊ နောက်ဆုံးကျတော့ မှန်သွားတာပါပဲလို့ ပြောနိုင်ဖို့ ရှိချင်မှ ရှိပါလိမ့်မယ်။ ဒါပေမယ့် အမေရိကန် သမတတဦးအနေနဲ့ နောင်လာနောက်သားတွေအတွက် လက်ဆင့်ကမ်း ထားခဲ့မယ့် အရေးပါဆုံး နိုင်ငံရေး အမွေအနှစ်တွေထဲက တခုအဖြစ် သက်သေထူသွားပါလိမ့်မယ်။

........................................(ပြီး)

မူရင်းစာရေးသူ ဘန်နဒစ် ရောဂျားစ် (Benedict Rogers)မှာ လန်ဒန်အခြေစိုက် ကမ္ဘာတဝှမ်း ခရစ်ယန်များ သွေးစည်းညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide - CSW )မှ လူ့

အခွင့်အရေးဆိုင်ရာ အရာရှိတဦးဖြစ်သည်။ သူသည် "မကောင်းဆိုးဝါးတွေ ကင်းတဲ့နယ်မြေ" အမည်ရှိ စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်မှာ မြန်မာနိုင်ငံမှ ကရင်လူမျိုးများအပေါ် စစ်အစိုးရက လူမျိုးတုန်း သုတ်သင်နေခြင်းများအား ရပ်ဆိုင်းဖို့ တောင်းဆိုသည့် စာအုပ် ဖြစ်သည်။ ထိုမူရင်း စာအုပ်မှာ A Land Without Evil: Stopping the Genocide of Burma's Karen People ဖြစ်သည်။

ဤဆောင်းပါကို ပူးတွဲရေးသားသူ အခြားတဦးမှာ ဂျိုးဆက်ဖ် လိုကောန် (Joseph Loconte) ဖြစ်သည်။ သူသည် Pepperdine University's School of Public Policy မှ ဝါရင့်ဆရာတဦး ဖြစ်သည်။ The Weekly Standard အတွက် ဆောင်းပါးများ ရေးသားပေးနေသူလည်း ဖြစ်သည်။

မူရင်းဆောင်းပါး - Burma and the Bush Administration (It's time to intervene.)
အင်တာနက် စာမျက်နှာ -
http://www.weeklystandard.com/Content/Public/Articles/000/000/015/178txeir.asp?pg=1
website source – The Weekly Standard
Published - 06/05/2008 12:00:00 AM

မြန်မာဘာသာပြန် - လွင်အောင်စိုး
၆-၆-၂၀၀၈